
စိတ်ကူးချိုချိုအန်ပြသော

# ALFRED NOBEL




ကမ္ဘာ့ဂုဏ်ဟသိက္ခာအရှိဆုံး
နိုဘယ်ဆုကိုဖန်တီးသူ

# အဲလ်ဖရက်နိုဘယ်

ဇင်မျိုး

မြန်မာပြန်




ZM0005
800.00 KS

mgyoe.com

ကမ္ဘာ့ဂုဏ်သိက္ခာအရှိဆုံးနိုဘယ်ဆုကိုပန်တီးသူအဲလ်ဖရက်နိုဘယ်၊ ဇင်မျိုး
အပြင်အဆင်-အမ်အောက်ဝ်အို၊ တမျက်နှာ ၅၃ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကမ္ဘာ့ဂုဏ်သိက္ခာအရှိဆုံး နိုဘယ်ဆုကိုဖန်တီးသူ အဲလ်ဖရက်နိုဘယ်

ခင်မျိုး

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ

## အခန်း (၁)


အစောပိုင်းနှစ်များ ၂
– ပညာရေး ၄
– စာပေနှင့် ဒဿန ၅
– နိုင်ငံခြားသွားပြီး ၈


## အခန်း (၂)


စိန့်ပီတာစဘတ် ၁၂
– ဒေဝါလီခံ ၁၅
– စမ်းသပ်မှုများ ၁၆


## အခန်း (၃)


စတော့ဟုမ်းသို့ အပြန် ၂၀
– မိတ်ဆက် ၂၀
– ကမ္ဘာကျော်ပုဂ္ဂိုလ် ၂၁


mgyoe.com

mgyoe.com


အခန်း (၄)

ဒြပ်ပေါင်းသစ် ၂၆
– ညီငယ်သေဆုံး ၂၈
– စက်ရုံများ တည်ဆောက် ၂၉

အခန်း (၅)

သန်းကြွယ်သူဌေး ၃၄
– စိမ်အုပ်ချုပ် ၃၅
– တွေးခေါ်ရေးသမား ၃၇

အခန်း (၆)

အလှူရှင်နိုဘယ် ၄၂
– နိုဘယ်၏ သေတမ်းစာ ၄၃
– နိုဘယ်ဆု ၄၄

အခန်း (၇)

နိုဘယ်ဆု ၄၈
– အငြင်းပွားစရာ ၅၀
– ဆုများ ၅၁


❑

mgyoe.com



mgyoe.com

mgyoe.com

# အခန်း ၁
## အစောပိုင်းနှစ်များ

အဲလ်ဖရက်နိုဘယ် (၁၈၃၃–၁၈၉၆) သည် အမ်မန်နျူရယ်နိုဘယ်၏ သားဖြစ်သည်။ အမ်မန်နျူရယ်နိုဘယ်သည် တီထွင်သူ၊ အိမ်ရာဆောက်လုပ်သူ ဖြစ်သည်။ အဲလ်ဖရက်နိုဘယ် ငါးနှစ်သားတွင်



ဖခင် အင်မန်နျူရယ်



မိခင် အန်ဒရီယက်တီ

mgyoe.com

mgyoe.com


ဖခင်ဖြစ်သူသည် ရုရှားနိုင်ငံစိန့်ပီတာစဘတ်မြို့ကို ပြောင်းရွှေ့ခဲ့သည်။ အမ်မန်နျူရယ်နိုဘယ်သည် စိန့်ပီတာစဘတ်မြို့တွင် အင်ဂျင်နီယာစက်ရုံကို ထူထောင်ခဲ့သည်။ အဲလ်ဖရက်နိုဘယ်၏ မိခင်အန်ဒရီယက်တီသည် နှစ်အနည်းငယ်အကြာတွင် စိန့်ပီတာစဘတ်သို့ လိုက်သွားရာသူနှင့်အတူ သားများဖြစ်သော ရောဘတ်၊ လတ်ဗစ်တို့လည်းပါသွားသည့်အပြင် အဲလ်ဖရက်နိုဘယ်လည်း ပါသွားခဲ့သည်။ အန်ဒရီယက်တီသည် စိန့်ပီတာစဘတ်တွင် သားလေးအမ်မီလ်ကို မွေးသည်။ အန်ဒရီယက်တီသည် နောက်ထပ်သားတစ်ဦးနှင့်သမီးတစ်ဦးတို့ကို မွေးဖွားခဲ့သော်လည်း နှစ်ဦးစလုံးနို့စို့အရွယ်တွင် သေဆုံးသွားခဲ့ကြသည်။

အမ်မန်နျူရယ်နိုဘယ်သည် စိန့်ပီတာစဘတ်မြို့ကို ၁၈၃၈ ခုနှစ်ဒီဇင်ဘာလတွင် ရောက်ရှိလာခဲ့ပြီးနောက် သူသည် အောင်မြင်သောကုန်ထုတ်လုပ်သူ၊ တီထွင်သူ၊ စက်ယန္တရား၊ ဒီဇိုင်းပညာရှင်ဖြစ်လာခဲ့သည်။ ထို့ကြောင့် သူသည် ပင်လယ်ပြင် မိုင်းတွင်းများ၊ မြေပြင်မိုင်းတွင်းများအတွက် ရုရှားဗိုလ်ချုပ် အိုဂါရက်ဗ်နှင့် စာချုပ်ချုပ်ဆိုခဲ့သည်။ အမ်မန်နျူရယ်သည် ဗိုလ်ချုပ်အိုဂါရက်ဗ်နှင့်အတူ ကာလအတန်ကြာအကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့၏။ အထူးသဖြင့် အိုဂါရက်ဗ်သည်ဆွီဒင်သား အမ်မန်နျူရယ်၏ မိုင်းတွင်းဒီဇိုင်းများကို သဘောကျခဲ့လေသည်။ အမ်မန်နျူရယ်၏ စီးပွားရေးသည် ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး Fonderies & Ateliers Mechanic Noble & Fils ဟူသောအမည်ဖြင့် ကြီးမားသော ကုမ္ပဏီတစ်ခုဖြစ်ပေါ်လာခဲ့သည်။ ကုမ္ပဏီ၏နာမည်မှာ ပြင်သစ်ဘာသာဖြင့် ရေးသားသော နာမည်ဖြစ်သည်။ ထိုအချိန်က ရုရှားလူ့အဖွဲ့အစည်းတွင် ပြင်သစ်ဘာသာစကားက လွှမ်းမိုးလျက်ရှိသည်။ ပင်လယ်ပြင်နှင့် မြေပြင်မိုင်းတွင်းလုပ်ငန်းများအပြင်ကုမ္ပဏီသည် လှည်းဘီးများကိုလည်းကောင်း၊ ဗောလ်ဂါမြစ်ကြောင်း

mgyoe.com


mgyoe.com


သွား မီးသဘောင်္ဘများအတွက် ရေနွေးငွေ့အင်ဂျင်များကဲ့သို့သော ရှုပ်ထွေးသည့် စက်ပစ္စည်းများကိုလည်း ထုတ်လုပ်ပေးရသည်။ ရုရှားတွင် အစောဆုံး အပူပေးစက်ကို နိုဘယ်၏ စက်ရုံများတွင် ထုတ်လုပ်ခြင်းဖြစ်ပြီး ပထမဆုံး အပူပေးစက်ကို သူ၏အိမ်တွင် တပ်ဆင်ခဲ့သည်။

စိန့်ပီတာစဘတ်မြို့တွင် နိုဘယ်မိသားစုသည် စတော့ဟုမ်းထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားခဲ့သည်။ သို့ရာတွင် သူတို့၏ဘဝများမှာ စည်းစိမ်ရှိလှသောဘဝများ မဟုတ်ကြပေ။ နိုဘယ်မိသားစုသည် တစ်ထပ်သာရှိသော သစ်သားအိမ်တွင် နေထိုင်သဖြင့် ဘူဇွာပုံစံပေါက်နေသည်။

## ပညာရေး

သူတို့မိသားစုသည် သားသမီးများ၏ ပညာရေးတွင် ရင်းနှီးမြှုပ်နှံထားသည်။ ကလေးများကို အိမ်တွင် ဆရာများငှား၍ သင်ကြား



၁၈၄၇ စိန့်ပီတာစဘတ်မြို့မှာ နေထိုင်စဉ် နိုဘယ်ညီအစ်ကိုများ ငယ်ဘဝ

mgyoe.com

mgyoe.com


ပေးသည်။ ယနေ့ခေတ်အမြင်ဖြင့်ကြည့်ပါက ထူးခြားကောင်း ထူးခြားလျက်ရှိပြီး အထက်တန်းစား ဘူဇွာ ပုံစံပေါက်နေပေသည်။ သို့ရာတွင် ထိုခေတ်က စိန့်ပီတာစဘတ်တွင် နိုဘယ်မိသားစု နေထိုင်ပုံသည် ပြဿနာတစ်ရပ် မဟုတ်ခဲ့ပေ။ နိုဘယ်ညီအစ်ကိုများကို ဆွီဒင်လူမျိုးဆရာက သင်ကြားပေးခြင်း ဖြစ်သည်။ မဟာဝိဇ္ဇာဘွဲ့ရထားသော ဆွီဒင်ကျောင်းဆရာ လားစ်ဆန်တက်ဆင်သည် သူတို့ကို ဆွီဒင်စကားနှင့် ဆွီဒင်သမိုင်းတို့ကိုသာမက ကမ္ဘာစာပေနှင့် အတွေးအခေါ်တို့အားလည်း သင်ကြားပေးသည်။ ထို့ပြင် ကျွမ်းကျင်သော ရုရှားဆရာ အိုင်ဗန်ပတ်တာရိုဗ်ကလည်း သူတို့ကို သင်္ချာ၊ ရူပဗေဒနှင့် ဓာတုဗေဒ အခြေခံပညာတို့အား သင်ပေးသည်။ နိုဘယ်ညီအစ်ကိုများသည် ဘာသာစကားငါးမျိုးကို ကျွမ်းကျင်စွာ ပြောဆိုနိုင်ကြသည်။ မူရင်းဆွီဒင်စကားအပြင် ရုရှား၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်စကားတို့ကိုပါ ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်ကြသည်။ ရောဘတ်နှင့် လတ်ဗစ်တို့သည် နောက်ပိုင်းတွင် အင်ဂျင်နီယာများ ဖြစ်လာခဲ့ကြပြီး အဲလ်ဖရက်နိုဘယ်ကမူ ဓာတုဗေဒပညာကို လိုက်စားခဲ့သည်။ သူ၏ ဓာတုဗေဒဆရာများမှာ ပါမောက္ခဇီနင်ဖြစ်၍ သူသည် နောက်ပိုင်းတွင် အဲလ်ဖရက်နိုဘယ်နှင့် အမ်မန်နျူရယ်နိုဘယ်တို့ကို နိုက်ထရိုဂလိုင်စရင်းအား စိတ်ဝင်စားလာအောင် လုပ်ပေးခဲ့သည်။


## စာပေနှင့် ဒဿန

နိုဘယ်သည် ဉာဏ်ကောင်းသော လူငယ်ဖြစ်သော်လည်း တစ်ဦးတည်း နေတတ်သည်။ အသိဉာဏ်ကောင်းစွာ မဖွံ့ဖြိုးသေးပေ။ သို့ရာတွင် သူသည် စာပေကို အပြင်းအထန် စိတ်ဝင်စားသည်။ အထူးသဖြင့် အင်္ဂလိပ်စာပေကို စိတ်ဝင်စားသည်။ အင်္ဂလိပ်ကဗျာစာဆိုကြီး

mgyoe.com

mgyoe.com




You say I am a riddle — it may be.
[illegible]
To dream of immortality, till Time
[illegible]
And a new life set in — the life of worms,
[illegible]
A mirror of the Universe, wherein
[illegible]
A focus of intelligence; to-day
[illegible]

အဲလ်ဖရက်နိုဘယ် ရေးဖွဲ့ခဲ့တဲ့ ကဗျာလက်ရေးစာမူ

များဖြစ်သော လော့ဒ်ဘိုင်ရွန်၊ ရှယ်လီတို့၏ စာများကို အထူးစိတ်ဝင်စားသည်။ အဲလ်ဖရက်နိုဘယ်သည် ရှယ်လီ၏ ဘဝအပေါ်ထားသော သဘောထားကို အလွယ်တကူ လက်ခံခဲ့သည်။ ထို့ပြင် သူသည် ရှယ်လီ၏ အတွေးအခေါ်ဝါဒ၊ လူသားတို့အပေါ် ချစ်မြတ်နိုးစိတ်၊ ငြိမ်းချမ်းရေးဝါဒ၊ အစွန်းရောက်နိုင်ငံရေးအမြင်၊ အတော်အတန် ဝရုန်းသုန်းကားနိုင်၍ စိတ်ဝင်စားစရာ ကောင်းလှသည့် ဘုရားမဲ့ဝါဒ စသည်တို့ကို လက်ခံခဲ့၏။

၁၈ နှစ်အရွယ်တွင် အဲလ်ဖရက်သည် ပြောင်မြောက်လှသည့် အင်္ဂလိပ်စာဖြင့် ကိုယ်ရေးအတ္ထုပ္ပတ္တိဆန်သော ၄၂၅ ကြောင်းပါ ကဗျာကို ပထမဆုံးရေးဖွဲ့ခဲ့သည်။ ထိုကဗျာမှာ "ပဟေဠိဆန်သော လူတစ်ယောက်" ကဗျာဖြစ်သည်။ ကဗျာကို ကြည့်ခြင်းအားဖြင့် သူ၏ လူသိ

mgyoe.com

mgyoe.com


နည်းလှသော ငယ်ဘဝ၊ လူငယ်ဘဝတို့တွင် သူ့ဘဝ၊ သူ့အတွေး အခေါ်တို့ကို ဖော်ညွှန်းလျက်ရှိသည်။ ထို့ပြင် ကဗျာထဲတွင် "မိန်းမ လှလေးက သူ့ကို ကြည့်နေသည့်အကြောင်း၊ မိမိတွင်မူ မေတ္တာတရား တစ်ခုတည်းသာရှိကြောင်း၊ မိန်းကလေးမှာ အုတ်ဂူကိုသာ လက်ထပ် ရလိမ့်မည်ဖြစ်ကြောင်း" ရေးထားသည်။ ဘဝတွင် မိမိတစ်ကိုယ်တည်း သာ ဖြစ်ကြောင်း ထပ်မံရေးသားကာ ကဗျာကို အဆုံးသတ်ထားသည်။ အဲလ်ဖရက်သည် လူငယ်ဘဝတွင် ရေးခဲ့သော ကဗျာအများစုကို ဖျက်ဆီးပစ်ခဲ့သည်။ နောက်ပိုင်းရေးခဲ့သော ကဗျာနှင့် စာများမှာ သူ၏လူငယ်ဘဝနှင့် အတွေးအခေါ်များကို နောက်ကြောင်းပြန်ရေး ထားခြင်းဖြစ်ပြီး "ညဘက်အတွေးများ" ဆိုသော ကဗျာသည် ၁၈၇၅ ခုနှစ် တစ်ဝိုက်က ရေးထားသော ကဗျာဖြစ်သည်။ "ညဘက်အတွေး များ" ကဗျာတွင် ဘဝ၏လေးနက်မှု၊ ဘုရားသခင်နှင့် ထာဝရတည်မြဲမှု စသည်တို့ကို လေးနက်စွာ ဆင်ခြင်သုံးသပ်ထားရုံမျှမက နယူတန်နှင့် သဘာဝသိပ္ပံပညာကိုပါ ဂါရဝပြုကြောင်းလည်း ဖော်ပြထားသည်။

အဲလ်ဖရက်နိုဘယ်၏ ဒဿနပညာအပေါ် စိတ်ဝင်စားမှုသည် ပလေတို၊ အရစ္စတိုတယ်တို့မှသည် ထိပ်တန်းတွေးခေါ်ရှင်ကြီးများနှင့် အစပြုခဲ့ခြင်း ဖြစ်သည်။ စိန့်ပီတာစဘတ်တွင်ရှိနေစဉ် သူသည် ဗောလ်တဲယား၏ စာများကို ဆွီဒင်ဘာသာသို့ ပြန်ဆိုခြင်းဖြင့် ပြင်သစ် ဘာသာစကားတိုးတက်လာအောင် ဆောင်ရွက်ခဲ့သည်။ ထို့နောက် သူ သည် ပြင်သစ်ဘာသာသို့လည်း ပြန်ဆိုခဲ့သေးသည်။ နောက်ဆုံးတွင် သူသည် ပြင်သစ်မှုဖြင့် နောက်ဆုံးဗားရှင်းကို နှိုင်းယှဉ်မည်ဖြစ်သည်။ ခန္ဓာကိုယ်ကြံ့ခိုင်မှုအားနည်းနေခြင်းကို ထေမိစေရန်သည် အဘိဓာန်ကို တစ်မျက်နှာပြီးတစ်မျက်နှာ ကျက်မှတ်ကာ ဝေါဟာရတိုးလာအောင် ကြိုးစားခဲ့သည်။

mgyoe.com

mgyoe.com



နိုင်ငံခြားသွားပြီ

အဲလ်ဖရက်နိုဘယ်သည် မည်သည့်တက္ကသိုလ်မှ မတက်ဖူးပါ။ ထို့ကြောင့် သူသည် မည်သည့်ဘွဲ့မျှလည်း မရပါ။ သူ၏ ဆရာခေါ် သင်သော ပညာရေးမှာ ၁၈၅၀ အစောပိုင်းလောက်တွင် ပြီးဆုံးသွားခဲ့



အရွယ်ရောက်စ အဲလ်ဖရက်နိုဘယ်

mgyoe.com

mgyoe.com


သည်။ အစ်ကိုကြီးများဖြစ်သော ရောဘတ်နှင့် လတ်ဗစ်တို့သည် မိသားစုအင်ဂျင်နီယာလုပ်ငန်းတွင် အလုပ်များနေကြစဉ် အသက် ၁၇ နှစ်သာ ရှိသေးသော အဲလ်ဖရက်မှာ ပညာရှာရန် ကမ္ဘာပတ်ရတော့သည်။ ဦးစွာ သူသည် ပါရီကိုသွားရသည်။ ဓာတုဗေဒဆရာ ပါမောက္ခ ဇီနင်က အကြံပေးသောကြောင့် အဲလ်ဖရက်သည် ပါရီကို ပညာသွားသင်ခြင်းဖြစ်သည်။ ပါရီတွင် သူသည် နာမည်ကျော် ပါမောက္ခ ဂျူးပယ်လူဇီ၏ ဓာတ်ခွဲခန်းတွင် အလုပ်လုပ်ရသည်။ ထိုဓာတ်ခွဲခန်းတွင် အဲလ်ဖရက်နိုဘယ်သည် အီတလီလူမျိုးဓာတုဗေဒပညာရှင် အက်စကာနီယိုဆိုဘရီရိုနှင့် ဆက်သွယ်မိသည်။ အက်စကာနီယိုဆိုဘရီရိုသည် ၁၈၄၇ တွင် နိုက်ထရိုဂလိုင်စရင်းကို ရှာတွေ့ခဲ့သူဖြစ်သည်။ နိုက်ထရိုဂလိုင်စရင်းသည် ပြင်းထန်သော ပေါက်ကွဲအားရှိနေသဖြင့် အလွန် အန္တရာယ်များလှသော ဤနိုက်ထရိုဂလိုင်စရင်းကို ထိန်းချုပ်ရန် မည်သူကမျှ အဖြေရှာမတွေ့သေးပေ။

အဲလ်ဖရက်သည် အမေရိကန်တွင် ပညာဆက်လက်ဆည်းပူးသည်။ သူသည် အမေရိကန်တွင် နောက်ဆုံးပေါ် နည်းပညာများကို လေ့လာသည်။ သူသည် ဂျွန်အဲရစ်ဆင်နှင့် တွေ့သည်။ ဂျွန်အဲရစ်ဆင်သည် အဲလ်ဖရက်နိုဘယ်၏ ဖခင် အမ်မန်နျူရယ်နိုဘယ်နှင့် တစ်နိုင်ငံတည်းသားဖြစ်ကာ အမ်မန်နျူရယ်၏ ခေတ်ပြိုင်တစ်ဦးလည်း ဖြစ်သည်။ ရုရှားကို အမ်မန်နျူရယ် ရောက်ရှိခဲ့ပြီးနောက် တစ်နှစ်အကြာတွင် ဂျွန်အဲရစ်ဆင်သည် အမေရိကန်ကို ရောက်သွားခဲ့ခြင်းဖြစ်သည်။ ဂျွန်အဲရစ်ဆင် စိတ်ဝင်စားသော အရာများ၊ တီထွင်မှုများမှာ စိန့်ပီတာစဘတ်ရှိ နိုဘယ်ကုမ္ပဏီ၏ လုပ်ဆောင်မှုများနှင့် တူညီနေသည်။

■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




ဆွီဒင်အနုပညာရှင် ဂိုစတာဖလိုမန် ရေးဆွဲတဲ့ နိုဘယ်ရဲ့ ပုံတူ

mgyoe.com

mgyoe.com

# အခန်း ၂
# စိန့်ပီတာစဘတ်

၁၈၅၂ တွင် နိုင်ငံရပ်ခြားခရီးမှ ပြန်လည်ရောက်ရှိလာပြီးနောက် အဲလ်ဖရက်သည် စိန့်ပီတာစဘတ်က ဖခင်၏စက်ရုံတွင် အစ်ကိုနှစ်ဦးနှင့် လာရောက်ပူးပေါင်းသည်။ အဲလ်ဖရက်သည် ကျန်းမာရေးချူချာသည်။ အပြင်းအထန် အလုပ်လုပ်ခြင်းကြောင့် အဲလ်ဖရက်သည် ၁၈၅၄ နွေတွင် နာမကျန်းဖြစ်တော့သည်။ ထို့ကြောင့် သူသည် ဘိုဟီးမီးယမ်းရေပူစမ်းမြို့ဖြစ်သော ဖရန်ဇင်ဘက်ကို ခရီးထွက်ခဲ့သည်။

ဖခင်နှင့် ပူးပေါင်း၍ နိုက်ထရိုဂလိုင်စရင်းကို ဖောက်ခွဲရေးပစ္စည်းအဖြစ် အသုံးပြုနိုင်မည့် အလားအလာကောင်းကို အဲလ်ဖရက်နိုဘယ်မြင်သည်။ ထို့ကြောင့် သူသည် ဖခင်နှင့်အတူ နိုက်ထရိုဂလိုစရင်းကို အန္တရာယ်ပိုမိုနည်းပါး၍ ကိုင်တွယ်ရလွယ်ကူစေရန် ကြိုးစားသည်။ အမေရိကန်၌ မူပိုင်ခွင့် အငြင်းပွားသော အမှုတစ်ခုတွင် သူက ထွက်ဆိုခဲ့ရာတွင် သူနှင့် သူ့အဖေသည် နိုက်ထရိုဂလိုင်စရင်းကို စိတ်ဝင်စားလာပုံအား ရှင်းလင်းပြောကြားခဲ့သည်။

mgyoe.com


mgyoe.com


"နိုက်ထရိုဂလိုင်စရင်းကို မစမ်းသပ်ခင် အခြားစမ်းသပ်ဖူးတာ များ ရှိပါသလား" ဟု သူ့ကို မေးမြန်းရာ သူက "ရှိခဲ့ဖူးပါတယ်။ ဒါကို ရှာတွေ့ခဲ့တဲ့ ဆိုဘရီရိုပေါ့ဗျာ။ နိုက်ထရိုဂလိုင်စရင်းဟာ ပေါက်ကွဲစေနိုင်တယ်ဆိုတာလည်း သူပဲ ရှာတွေ့ခဲ့တာပါ။ စိန့်ပီတာ စဘတ်က ပါမောက္ခဇီနင်နဲ့ ပါမောက္ခထရပ်တို့က ဒါကို အသုံးဝင်အောင် လုပ်နိုင်တယ်လို့ မှန်းဆပြောဆိုတာမို့ နိုက်ထရိုဂလိုင်စရင်းကို ကျွန်တော့်အဖေက စိတ်ဝင်စားသွားတာ ဖြစ်ပါတယ်။ အဲ့ဒီတုန်းက ကျွန်တော့်အဖေဟာ ခရိုင်းမီးယားစစ်ပွဲအတွင်း ရုရှားအစိုးရအတွက် တော်ပီဒိုတွေ ထုတ်ပေးဖို့ ဆွေးနွေးနေတာ ဖြစ်ပါတယ်။ နိုက်ထရိုဂလိုင်စရင်းကို ကျွန်တော့်အဖေက စမ်းကြည့်ပေမယ့် ပေါက်ကွဲအောင် မလုပ်နိုင်ခဲ့ပါဘူး" ဟု ပြန်ဖြေသည်။

"နိုက်ထရိုဂလိုင်စရင်းကို ဘယ်အချိန်မှာ ပထမဆုံး စမ်းသပ်တာလဲ။ ဘာလုပ်ဖို့ စမ်းသပ်တာလဲ" ဟု သူ့ကို မေးမြန်းသည်။ သူ့အဖြေက "ခရိုင်းမီးယား စစ်ပွဲအစမှာ နိုက်ထရိုဂလိုင်စရင်းကို အရင်ဆုံး မြင်ဖူးတာပါပဲ။ စိန့်ပီတာစဘတ်က ပါမောက္ခဇီနင်က ကျွန်တော့်အဖေနဲ့ ကျွန်တော့်ကို ပြတာပါ။ ပန်းပဲဖိုက အောက်ခံသံတုံးပေါ်တင်၊ တူနဲ့တစ်ပိုင်းလောက်ကို ကိုင်ပြီးထု ပြတာ ဖြစ်ပါတယ်။ ပေါက်ကွဲမှု မပျံ့သွားအောင် ဖြစ်ပါတယ်။ လက်တွေ့ ပေါက်ကွဲစေချင်ရင်တော့ ဒါကို စစ်တပ်ကိစ္စတွေမှာ သုံးနိုင်တယ်လို့ သူ့အမြင်ကိုလည်း ပြောပြပါတယ်။ ကျွန်တော့် အဖေက နိုက်ထရို ဂလိုင်စရင်းကို ခရိုင်းမီးယား စစ်ပွဲအတွင်းမှာ ဖောက်ခွဲနိုင်အောင် ကြိုးစားခဲ့ပေမယ့် ပေါက်ကွဲအောင် မလုပ်နိုင်ခဲ့ပါဘူး။ အဖေရဲ့ နောက်ပိုင်း စမ်းသပ်ချက်တွေမှာ နိုက်ထရို ဂလိုင်စရင်းကို ယမ်းမှုန့်ရောပြီး လုပ်တာ ဖြစ်ပေမယ့် ဒီလို စမ်းသပ်တာကလည်း အနည်းအကျဉ်းလောက်ပါပဲ" ဟု ဆိုသည်။

mgyoe.com

mgyoe.com

**နိုက်ထရိုဂလိုင်စရင်း စမ်းသပ်ရာ စက်ရုံ**

၁၈၅၀ ပြည့်နှစ် အစောပိုင်းကာလများသည် နိုဘယ်မိသားစု အတွက် ရွှေမိုးငွေမိုး ရွာသွန်းဖြိုးသော နှစ်များဟု ဆိုနိုင်သည်။ ၁၈၅၃ တွင် အမ်မန်နျူရယ်သည် ရုရှားစက်မှုလုပ်ငန်းအတွက် ကြိုးပမ်းမှု

mgyoe.com

mgyoe.com


တီထွင်ဖန်တီးမှုစွမ်းရည်ရှိမှုတို့အတွက် ဇာဘုရင်နီကိုလိုင်ချီးမြှင့်သော "အင်ပါယာ ရွှေတံဆိပ်" ရရှိခဲ့သည်။ နိုင်ငံခြားသားတစ်ဦးအတွက် ရှားပါးလှသော ဂုဏ်ပြုမှုတစ်ရပ်ပင် ဖြစ်ပါသည်။

၁၈၅၅ ခုနှစ်တွင် ဇာဘုရင်နတ်ရွာစံသွားပြီးနောက် ၁၈၅၆၊ မတ် ၃၀ ရက်နေ့ ပါရီ သဘောတူစာချုပ်အရ ခရိုင်းမီးယားစစ်ပွဲလည်း ပြီးဆုံးသွားခဲ့ရာ ရုရှားအစိုးရသစ်မှာ ယခင်အစိုးရက ပေးထားသော ကတိကဝတ်များကို အရေးမထားသလို လုပ်ခဲ့သည်။ ရုရှားအစိုးရသစ်သည် ပြည်တွင်းစက်မှုလုပ်ငန်းရှင်များထက် ပြည်ပလုပ်ငန်းရှင်များကို မျက်နှာသာ ပိုပေးခဲ့ရာ နိုဘယ်၏ စိန့်ပီတာစဘတ်ရှိစက်ရုံမှာ ကံဆိုးမိုး မှောင်ကျတော့သည်။

## ဒေဝါလီခံ

ဖခင်၏ စီးပွားရေးလုပ်ငန်းကို ကယ်တင်ရန် အဲလ်ဖရက်နိုဘယ် သည် လန်ဒန်နှင့် ပါရီမြို့တို့ကို သွားခဲ့သော်လည်း ခရိုင်းမီးယားစစ်ပွဲ အပြီး ရုရှားနိုင်ငံတွင် စွန့်စားရင်းနှီးမြှုပ်နှံလိုသူ အနည်းငယ်သာ ရှိကြောင်း တွေ့ခဲ့ရသည်။ သားများက ဖခင်၏ လုပ်ငန်းများ အဆုံးသတ် တော့မည်ကို သိရှိနေပြီ ဖြစ်သော်လည်း အမ်မန်နျူရယ်နိုဘယ်ကမူ နောက်ဆုံးအချိန်ထိ မျှော်လင့်နေဆဲဖြစ်သည်။ ၁၈၅၉ တွင် အားလုံး ပြီးဆုံးသွားပြီ ဖြစ်သည်။ လုံ့လရှိလှသောဘဝတွင် အမ်မန်နျူရယ် နိုဘယ်သည် ဒုတိယအကြိမ် ဒေဝါလီခံခဲ့ရသည်။ အလုံးစုံပျက်စီးသွား ခဲ့ပြီးနောက် ၁၈၅၉ ခုနှစ် နွေတွင် အမ်မန်နျူရယ်နိုဘယ်သည် ဇနီး သည်၊ အငယ်ဆုံးသား အမ်မီလ်တို့ကိုခေါ်၍ ရုရှားမှ ထွက်လာခဲ့တော့ သည်။

ဆွီဒင်ကို မိဘများ ပြန်ရောက်သွားချိန်တွင် နိုဘယ်သားများမှာ

mgyoe.com